# ကြေးမုံ

## ကိုဗစ်-၁၉ ကိုကျော်လွှား ပညာသင်ကြား

မြန်မာနိုင်ငံတွင် သန်းနှင့်ချီသော ကလေးသူငယ် လူငယ်လူရွယ်များ စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးသည် အထူးအရေးကြီးသော ကိစ္စဖြစ်သည်။ ကလေးလူငယ်များ အသိဉာဏ်ဖွံ့ဖြိုး၍ ပညာတိုးပွားပါမှ ၎င်းတို့၏ဘဝနှင့် နိုင်ငံ၏အနာဂတ် တိုးတက်တောက်ပြောင်နိုင်မည်ဖြစ်သည်။ လူငယ်လူရွယ်များသည် နိုင်ငံ၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူမည့် လင်းလက်တောက်ပနေသော ကြယ်ပွင့်များပင် မဟုတ်ပါလော။

ထို့ကြောင့် ကလေးသူငယ် လူငယ်လူရွယ်များအား စဉ်ဆက်မပြတ် ပညာအမွေ လက်ဆင့်ကမ်းပေးဝေကြရမည် ဖြစ်သည်။ မျက်မှောက်ကာလပညာသင်ကြားရေးသည် ကိုဗစ်-၁၉ ကြောင့် ယခင်ပညာသင်နှစ်များနှင့်မတူ ပုံစံပြောင်းလဲကာ ဖော်ဆောင်ကြတော့မည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူများ ကူးစက်ရောဂါကင်းဝေးစွာဖြင့် ပညာတတ်မြောက်ရေးကို ဆောင်ကြဉ်းပေးကြရတော့မည် ဖြစ်သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအစီအမံများဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများကို ဖွင့်လှစ်သွားရန် စတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါမကူးစက်စေရေးအတွက် ကျောင်းသား ကျောင်းသူအရေအတွက် အနည်း၊ အများ၊ သင်ကြားပို့ချပေးနိုင်မည့် ဆရာ ဆရာမများ အင်အားအပေါ်တွင်မူတည်၍ တစ်သုတ်တက်ကျောင်း၊ နှစ်သုတ်တက်ကျောင်း၊ တစ်ပတ်ခြားကျောင်းဟူ၍ ရွေးချယ်လျာထားပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် လာမည့် ဇူလိုင်လ ၂၁ ရက်နေ့မှစတင်ကာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စတင်ပညာသင်ကြားကြရတော့မည်ဖြစ်သည်။ ထို့နောက် အလယ်တန်းအဆင့်ကို ဩဂုတ်လ ၄ ရက်နေ့နှင့် မူလတန်းအဆင့်ကို ဩဂုတ်လလယ်တွင် ဖွင့်လှစ်သွားရန် အခြေခံပညာဦးစီးဌာနက ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည်။

ယခုအခါ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အခြေခံပညာဆရာ ဆရာမများ စုပေါင်း၍ ကျောင်းနှင့်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကျောင်းတက်၊ ကျောင်းဆင်း၊ ကျောင်းကြို၊ ကျောင်းပို့ရေး၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ ဆရာမများ ကူးစက်ရောဂါ အကာအကွယ်များဆောင်ရွက်ရေး၊ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ တစ်ဦးနှင့်တစ်ဦး ခြောက်ပေစီခြားပြီး ပညာသင်ကြားနိုင်ရေးတို့အတွက် စာသင်ခုံ၊ စာသင်ခန်း၊ နေရာထိုင်ခင်း အစီအစဉ်များကို လစ်ဟင်းမှုမရှိစေရန် စနစ်တကျပြင်ဆင်ဆောင်ရွက်နေကြသည်။

နိုင်ငံတစ်ဝန်းတွင် အခြေခံပညာကျောင်းပေါင်း ၄၇၀၀၀ ကျော်ရှိပြီး ကျောင်းသား ကျောင်းသူပေါင်း ကိုးသန်းကျော်ရှိကာ ဆရာ ဆရာမ သုံးသိန်းကျော်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လိုအပ်ချက်များ၊ အစီအမံများကို ကျောင်းများအားလုံးအတွက် ဆောင်ရွက်နိုင်ရေးမှာ လက်တွေ့တွင် လွယ်ကူလှသောကိစ္စရပ်မဟုတ်ပေ။ ကျောင်းသား ကျောင်းသူ အနည်း၊ အများနှင့် စွမ်းဆောင်နိုင်မှုအနေအထားများအရ အဆင်ပြေအောင် ဆောင်ရွက်နိုင်သောကျောင်းများရှိသလို အဆင်မပြေ အခက်အခဲရှိသော ကျောင်းများလည်းရှိမည် ဖြစ်သည်။ ထို့ကြောင့် ပညာရေးဌာနနှင့် ကျောင်းများသာမက မိဘပြည်သူများနှင့် စေတနာရှင်အဖွဲ့အစည်းများကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသင့်ပေသည်။

အဓိကမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဆောင်ရွက်ပေးရေးတို့အပြင် ကျောင်းသား ကျောင်းသူ၊ အုပ်ထိန်းသူမိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာဗဟုသုတများ တိုးပွားပြီး ကျောင်းသား ကျောင်းသူများ၊ အထူးသဖြင့် မူလတန်းအရွယ်ကလေးငယ်များ လက်ကိုဆပ်ပြာဖြင့် ဆေးကြောခြင်း၊ နှာခေါင်းပါးစပ်စည်းများ ဝတ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း စသည့်ပြုမူဆောင်ရွက်မှုများကို နေ့စဉ်အလေ့အထဖြစ်လာစေရန် ဆရာ ဆရာမများ၏ အသိပညာပေးလမ်းညွှန်မှုများအပြင် မိဘအုပ်ထိန်းသူများ၏ ကူညီပေးမှုများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ စာသင်ကျောင်းဆိုသည်မှာ ကျောင်းသား ကျောင်းသူများ စုဝေးရာနေရာဖြစ်၍ ကျောင်းသား ကျောင်းသူများ အစုအဝေးများကို လျှော့ချရေး၊ ရောဂါကာကွယ်ရေး အလေ့အထအလေ့အကျင့်ကောင်းများ ဖြစ်ထွန်းရေးအတွက် ကျောင်းများအားလုံးမှ တာဝန်ရှိသော ဆရာ ဆရာမများသာမက မိဘအုပ်ထိန်းသူများနှင့် ပြည်သူများကပါ ကိုဗစ်-၁၉ ကို ကျော်လွှား၍ ပညာသင်ကြားနိုင်မည့် ရည်မှန်းချက်အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## တရားမအထူးအယူခံမှု ခြောက်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) နှစ်မှုတို့ကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု ရှစ်မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးဝင်းတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ တရားမအထူးအယူခံမှု ခြောက်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) နှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု ရှစ်မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၂၂

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကထုတ်ဝေသည့် ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များကို ကချင်ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များသို့ လှူဒါန်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကချင်ပြည်နယ်အစိုးရ ဧည့်ဂေဟာ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်း၊ အဖွဲ့ဝင် ဦးခင်မောင်မြင့်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် ကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းက ရည်ညွှန်းစာစောင်များ လှူဒါန်းပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ရည်ညွှန်းစာစောင် ၈၃ စုံအား လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၁,၆၅၇ | ၁၇,၄၇၅,၀၀၀ |
| MTSH | ၃,၈၀၀ | ၈,၈၅၀ | ၃,၃၉၀ | ၁၂,၈၈၂,၁၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၈ | ၁၄၅,၈၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၅၈၇ | ၁၃,၅၀၁,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၇၅၀ | ၃,၀၄၁ | ၈,၄၆၅,၈၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၅၅ | ၄၁၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၂

ရန်ကုန်(ရွှေဈေး) ၁၂၁၈၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၈၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၀/၅၈၀ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၀/၆၂၀ ကျပ် | ၆၅၅/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၀/၅၁၀ ကျပ် | ၅၃၀/၅၅၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၀/၄၉၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၅/၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၃.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၀၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၉၉၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅.၈၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၃၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၉.၈၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၃.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၈၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဗီယက်နမ်က ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည်

**ဟနွိုင်း ဇွန် ၂၂**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် နှစ်လနီးပါးကြာ ရွှေ့ဆိုင်းခဲ့ရသည့် (၃၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကို ဇွန် ၂၆ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်ဖြစ်သည်။

ယခုနှစ် အာဆီယံအဖွဲ့ဥက္ကဋ္ဌအနေဖြင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ငုယင်စွမ်းဖုက ထိပ်သီးအစည်းအဝေးဖွင့်လှစ်ပွဲ၊ မျက်နှာစုံညီအစည်းအဝေးနှင့် ဒစ်ဂျစ်တယ်ခေတ်အမျိုးသမီးများသို့ လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းခြင်းဆိုင်ရာ အထူးအစည်းအဝေးများကို တာဝန်ယူကျင်းပမည်ဖြစ်သည်။ ထို့အပြင် ဝန်ကြီးချုပ် ငုယင်စွမ်းဖုက အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလွှတ်တော်ညီလာခံ (AIPA)၊ အာဆီယံ လူငယ်ကိုယ်စားလှယ်များနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီကြား ဆွေးနွေးမှုများကို သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ဘင်မင်က အလွတ်သဘောအာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ ညှိနှိုင်းဆောင်ရွက်ရေးကောင်စီအစည်းအဝေးနှင့် အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုင်းအဝိုင်း ကောင်စီအစည်းအဝေးကို သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ အာဆီယံအဖွဲ့၏ (၃၆)ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲကို ဒါနန်းမြို့တော်၌ ဧပြီ ၆ ရက်မှ ၉ ရက်အထိကျင်းပရန် စီစဉ်ခဲ့သော်လည်း ဗီယက်နမ်အစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အစည်းအဝေးကိုရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။

အာဆီယံ ထိပ်သီးအစည်းအဝေးမှာ စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများ ဆွေးနွေးရန် နှစ်စဉ်ကျင်းပသော အစည်းအဝေးဖြစ်သည်။ အခြားကမ္ဘာ့ခေါင်းဆောင်များကလည်း ကမ္ဘာ့ရေးရာများ ဆွေးနွေးရန်နှင့် ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်ကြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ဖြစ်ပြီး မိတ်ဖက်ရှစ်နိုင်ငံမှာ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ရုရှား၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ ဖြစ်သည်။

**ကိုးကား - ဗွီအင်န်အိတ်ပရက်စ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**




ဧပြီ ၁၄ ရက်က ကိုဗစ်-၁၉ ဆိုင်ရာ အထူးအာဆီယံထိပ်သီးအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပစဉ်။

# ဒူဘိုင်းအစိုးရက ပြည်ပခရီးသွားများဝင်ရောက်မှုကို ဇူလိုင် ၇ ရက်တွင် စတင် ခွင့်ပြုမည်



ဒူဘိုင်းမြို့ရှိ ကမ်းခြေတစ်ခုတွင် အပန်းဖြေသူများကို တွေ့ရစဉ်။

**ဒူဘိုင်း ဇူလိုင် ၂၂**

ဒူဘိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါ အခြေအနေတည်ငြိမ်မှုရှိပါက ပြည်ပခရီးသွားများဝင်ရောက်မှုကို ဇူလိုင် ၇ ရက်မှ စတင်ကာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒူဘိုင်းသည် အာရပ်စော်ဘွားများ ပြည်ထောင်စု၏ လူဦးရေအများဆုံး မြို့တစ်မြို့ဖြစ်သည့်အပြင် စီးပွားရေးအချက်အချာကျသည့် နေရာလည်းဖြစ်သည်။ ဒူဘိုင်းအစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် ပြည်ပမှဝင်ရောက်လာသည့် ခရီးသွားများကို မတ်လလယ်ကတည်းက တားမြစ်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ အခြေအနေတည်ငြိမ်မှုရှိပါက ပြည်ပခရီးသွားများ ဝင်ရောက်ခွင့်ပြုမည်ဟု ဇွန် ၂၁ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ပြည်ပခရီးသွားများအနေဖြင့် ဒူဘိုင်းလေဆိပ်သို့ ရောက်ရှိချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများလုပ်ဆောင်ရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်းလည်း ဒူဘိုင်းအစိုးရက ပြောကြားခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စု၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူအရေအတွက်သည် မကြာသေးမီကာလကတည်းက ကျဆင်းခဲ့သည်။ နေ့စဉ် ကူးစက်မှုအရေအတွက်သည်လည်း ၄၀၀ အောက် လျော့နည်းလျက်ရှိခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးဆိုင်ရာ အစီအမံများကို အကောင်အထည်ဖော်ခြင်းနှင့်အတူ ဒူဘိုင်းရှိ ကမ်းခြေများ၊ ဟိုတယ်များနှင့် ဖျော်ဖြေရေးကဏ္ဍများကို တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ဒူဘိုင်းမြို့၏စီးပွားရေးသည်ခရီးသွားလုပ်ငန်းကဲ့သို့သော လုပ်ငန်းနယ်ပယ်များ၌သာ တည်မှီနေသည့်အတွက် အာရပ်စော်ဘွားများပြည်ထောင်စု၏ အခြားသောဒေသများထက် ပြည်ပခရီးသွားဝင်ရောက်မှုကို စောစီးစွာ ပြန်လည်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

## ဂျပန်နိုင်ငံက ကန့်သတ်ချက်များဖြေလျှော့ပေးခဲ့ပြီးနောက် နိုင်ငံအတွင်း ခရီးသွားလာသူအရေအတွက် မြင့်တက်

**တိုကျို ဇွန် ၂၂**

ဂျပန်နိုင်ငံအစိုးရက ခရီးသွားခွင့်ဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့ပြီးနောက် ပထမသီတင်းပတ် ကုန်ဆုံးရက်များတွင် နိုင်ငံအတွင်း ခရီးသွားလာသူအရေအတွက်သည် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဆဲလ်ဖုန်းအချက်အလက်များ၏ ဖော်ပြချက်အရ စနေ၊ တနင်္ဂနွေရက်များ၌ တိုကျိုမှ အခြားသောခရိုင်များသို့ လာရောက်သည့် ခရီးသွားအရေအတွက်သည် ပြီးခဲ့သည့်တစ်ပတ်ကထက် ၁၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် အခြားသောခရိုင်များမှ တိုကျိုသို့ လာရောက်သည့် ခရီးသွားအရေအတွက် သည် ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ကာနာဂါဝါမှ အခြားသောခရိုင်များသို့ ခရီးသွားလာသူအရေအတွက်သည် ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ကာနာဂါဝါသို့ လာရောက်သည့်ခရီးသွားအရေအတွက်မှာ ၁၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ဟော့ကိုင်းဒိုးခရိုင်မြောက်ပိုင်းတွင်မူ ယင်းခရိုင်မှ ပြင်ပသို့ခရီးသွားသူအရေအတွက် ခုနစ်ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဝင်ရောက်လာသည့် ခရီးသွားအရေအတွက်မှာ ၁၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**



# အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဂေဟာတစ်ခု၌ မိန်းကလေးငယ် ၅၇ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**နယူးဒေလီ ဇွန် ၂၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ကန်ပူးမြို့တော်ရှိ အစိုးရပိုင်ဂေဟာတစ်ခုတွင် မိန်းကလေးငယ် ၅၇ ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ မိန်းကလေးငယ်အများစုသည်ရောဂါလက္ခဏာ မပြသပေ။ ၎င်းတို့ကို သီးသန့်စောင့်ကြည့်ရေးဌာနတစ်ခုသို့ ရွှေ့ပြောင်းခဲ့သည်။ မိန်းကလေးငယ် ၅၇ ဦးအနက် ငါးဦးတွင် ကိုယ်ဝန်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ အမျိုးသမီးငယ်တစ်ဦး ပြီးခဲ့သည့် သီတင်းပတ်က အဖျားရောဂါကြောင့် ဆေးရုံတစ်ရုံသို့ ပို့ဆောင်ကာ စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၄၀၀၀၀၀ ကျော်ရှိသော အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် ကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်သည်။

ဂေဟာမှ ဝန်ထမ်းတစ်ဦးတွင်လည်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ရာ ကူးစက်မှုဖြစ်ပွားရသော အကြောင်းရင်းကို တာဝန်ရှိသူများက မသိရှိပေ။ အဆိုပါဂေဟာရှိ အမျိုးသမီးငယ်အများစုမှာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံခဲ့ရသူများဖြစ်ကြောင်း ကန်ပူးမြို့တည်ရှိရာ ဥတ္တရပရာဒေ့ရှ်ပြည်နယ် အမျိုးသမီးရေးရာ ကော်မရှင်က ပြောသည်။ ကိုယ်ဝန်ဆောင် မိန်းကလေးငယ် ငါးဦးကို ခရိုင်အသီးသီးမှ ဂေဟာသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ အမှုများကို စုံစမ်းစစ်ဆေးနေကြောင်း ရဲအရာရှိ ဒင်းနစ်ကူးမားက ပြောသည်။ ဂေဟာကို ချိတ်ပိတ်ကာ ဝန်ထမ်းအားလုံးကို သီးသန့်ခွဲ၍စောင့်ကြည့်နေကြောင်း သိရသည်။



"မိန်းကလေးငယ်တွေကို ဆေးရုံကိုပို့တဲ့အခါ ကော်မရှင်ဝန်ထမ်းတွေကိုလည်း သူတို့နဲ့အတူ ဆေးရုံကိုပို့ဆောင်ခဲ့ပါတယ်။ လူတစ်ဦးဦးနဲ့ ထိတွေ့ပြီးတဲ့နောက် ကူးစက်မှုဖြစ်ပွားခဲ့တာဖြစ်နိုင်ပါတယ်"ဟု ပြည်နယ် အမျိုးသမီးရေးရာ ကော်မရှင်အဖွဲ့ဝင် ပိုနမ်းဆာဗီနာက ဒေသန္တရမီဒီယာများသို့ ပြောကြားခဲ့သည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်မှု ဆက်လက်မြင့်တက်နေဆဲဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဒူဘိုင်း ဇွန် ၂၂**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် အရှိန်မြင့်မားနေဆဲဖြစ်ပြီး ယင်းရောဂါ၏ အကျိုးသက်ရောက်မှုများကို လာမည့် ဆယ်စုနှစ်များအထိ ခံစားရလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက အွန်လိုင်းမှ တစ်ဆင့်ပြုလုပ်သော အစည်းအဝေးတစ်ရပ်တွင် ယနေ့ပြောကြားသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်အာဒါနွမ် ဂါဘရီယီဆက်

လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် ရင်ဆိုင်နေရသော အကြီးမားဆုံးခြိမ်းခြောက်မှုဖြစ်သည့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို စည်းလုံးညီညွတ်မှုပျက်ပြားလျှင် အောင်နိုင်မည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြီးအကဲ တက်ဒရော့စ် အာဒါနွမ်ဂါဘရီယီဆက်က ဒူဘိုင်းအာဏာပိုင်များ စီစဉ်ထားသည့် အွန်လိုင်းကျန်းမာရေးဖိုရမ်၌ ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု အရှိန်မြင့်မားနေပြီး အန္တရာယ်ရှိသောအဆင့်သို့ရောက်ရှိနေကြောင်း ပြီးခဲ့သည့် သီတင်းပတ်က သတိပေးခဲ့သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံနှင့် ဒေသအများအပြားသို့ ကူးစက်ပျံ့နှံ့သွားပြီး ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါ ရောဂါကြောင့် လူပေါင်း ၄၇၁၃၇၆ ကျော် သေဆုံးခဲ့ကာ ၉ သန်းကျော် ရောဂါကူးစက်ခံနေရကြောင်း သိရသည်။ ဥရောပတိုက်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ချမှတ်ထားသည့် အသွားအလာကန့်သတ်မှု စတင်ဖြေလျှော့နေသည့်တိုင် အမေရိကန်နှင့် အာရှဒေသတချို့တွင် ရောဂါကူးစက်ပျံ့နှံ့မှု အရှိန်မြင့်မားလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုများကြောင့် စီးပွားရေးအကြီးအကျယ် ထိခိုက်ပျက်စီးမှုကို ဖြစ်ပေါ်စေကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့ပြည်သူများကို ခြိမ်းခြောက်နေဆဲဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် အရှိန်မြင့်မားနေဆဲဖြစ်ရာ ၎င်း၏ အကျိုးသက်ရောက်မှုများကို ခံစားရလိမ့်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# ထိုင်းနိုင်ငံ၌ ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိသည်မှာ ၂၈ ရက်ရှိလာ

**ဗန်ကောက် ဇွန် ၂၂**

ထိုင်းနိုင်ငံ၌ ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိသည်မှာ ၂၈ ရက်ရှိလာပြီဖြစ်ကြောင်း ထိုင်းအစိုးရက ယနေ့ ကြေညာသည်။

"မကြာသေးမီက ထိုင်းနိုင်ငံမှာ အသစ်တွေ့ရှိခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးဦးဟာ အိန္ဒိယနိုင်ငံကနေပြန်လာတဲ့ ထိုင်းနိုင်ငံသားတွေဖြစ်ပါတယ်။ သူတို့အနေနဲ့ အစိုးရက ချမှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းအရ စောင့်ကြည့်ရေးစခန်းတွေမှာ စောင့်ကြည့်မှုခံယူနေချိန်မှာပဲ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့တာပါ" ဟု ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စီမံခန့်ခွဲရေးဗဟိုဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ တာဝီဆင်ဗီ ဆာနူးယိုသင်က ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၅၁ ဦးရှိပြီး ၎င်းတို့အနက် ၅၈ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါကြောင့် ယနေ့ သေဆုံးသူ တစ်စုံတစ်ဦးမျှမရှိကြောင်း တာဝီဆင်ဗီဆာနူးယိုသင်က ထပ်မံပြောကြား သည်။

လုပ်ငန်းရှင်များ၏ မေတ္တာရပ်ခံချက်အရ ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ချမှတ်ထားသည့် အသွားအလာကန့်သတ်မှု ဖြေလျှော့ရေးအဆင့် ၅ အရ အရက်အဖျော်ယမကာဆိုင်များ၊ ကာရာအိုကေဆိုင်များနှင့် အခြားဖျော်ဖြေရေးနေရာများကို ဖွင့်လှစ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း အစိုးရမှ တရားဝင်ခွင့်ပြုချက်ကိုမူ ဇူလိုင်လတွင် ပြုလုပ်ဖွယ်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

တေးဂီတသမားများနှင့် ဖျော်ဖြေရေးသမားများသည် ကိုဗစ်ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများကြောင့် ၎င်းတို့၏ ဝင်ငွေရရှိမှု အလွန်အမင်း ထိခိုက်သွားသောကြောင့် ဖျော်ဖြေရေးလုပ်ငန်းများကို ပြန်လည်စတင်နိုင်ရန် ဇွန် ၁၈ ရက်က ထိုင်းအစိုးရအား မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ထိုင်းအစိုးရက ချမှတ်ထားသည့် အရေးပေါ်အမိန့်သည် ဇွန်လကုန်အထိ အကျုံးဝင်မည်ဖြစ်ပြီး အကယ်၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ အာဏာပိုင်များအနေဖြင့် စိုးရိမ်ဖွယ်ရာအခြေအနေများရှိလာပါက အဆိုပါအရေးပေါ်ဥပဒေကို သက်တမ်းထပ်တိုးမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**




# ယူကရိန်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် ကျန်းမာရေးလုပ်သား ၆၀၀၀ ကျော် ရှိလာ

**ကီယက်ဗ် ဇွန် ၂၂**

ယနေ့အထိ ယူကရိန်းနိုင်ငံရှိ ကျန်းမာရေးလုပ်သား ၆၀၄၆ ဦး ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရကြောင်း ယူကရိန်းကျန်းမာရေးဝန်ကြီး မာဆင်မ် စတီပါနော့ဗ်က ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့ခြင်းဖြစ်သည်။



"ကိုဗစ်-၁၉ ကပ်ရောဂါကာလ အတွင်း ကလေးငယ် ၂၇၃၅ ဦးနှင့် ကျန်းမာရေးလုပ်သား ၆၀၄၆ ဦး အပါအဝင် စုစုပေါင်း ၃၇၂၄၁ ဦး ရောဂါကူးစက်ခံခဲ့ရပါတယ်" ဟု စတီပါနော့ဗ်က ပြောသည်။ ပြီးခဲ့သော ၂၄ နာရီအတွင်း ကလေးငယ် ၄၅ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၄၈ ဦးအပါအဝင် ၆၈၁ ဦး ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံခဲ့ရပြီး ၁၃၈ ဦးကို ဆေးရုံများသို့ ပို့ဆောင်ခဲ့သည်။

ပြည်သူ့ကျန်းမာရေးဗဟိုဌာန၏ အဆိုအရ ကျန်းမာရေးလုပ်သား ၃၆၅၇ ဦး ပြန်လည်သက်သာလာခဲ့ပြီဟု သိရသည်။ ယူကရိန်းနိုင်ငံတွင် ပြီးခဲ့သောတစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုးစစ်ဆေးမှု ၇၈၃၁ ခု လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၉၀၈၀၇၉၅ ဦး**

**သေဆုံးသူ**
**၄၇၁၃၀၆ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၄၈၆၃၁၀၃ ဦး**

# အာဖဂန်နစ္စတန်နိုင်ငံ၌ တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် ကုလသမဂ္ဂတောင်းဆို

**ကုလသမဂ္ဂ ဇွန် ၂၂**

အာဖဂန်နစ္စတန်နိုင်ငံ၌ တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များနှင့် တာလီဘန်တို့အား ကုလသမဂ္ဂက တောင်းဆိုခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂ ထောက်ပံ့ရေးမစ်ရှင်က ဇွန် ၂၁ ရက်တွင် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ကာ အထက်ပါအတိုင်း တောင်းဆိုလိုက်ခြင်းဖြစ်သည်။ အမေရိကန်နှင့် တာလီဘန်တို့အကြား ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို ဖေဖော်ဝါရီလအတွင်းက လက်မှတ်ရေးထိုးခဲ့ပြီး နောက်ပိုင်းတွင်လည်း တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

မတ်လအတွင်း၌ အစိုးရက ချမှတ်ထားသည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နေသည့် ကျန်းမာရေးလုပ်သားငါးဦးအား ကူနာပြည်နယ်အရှေ့ပိုင်းရှိ တာလီဘန်အဖွဲ့ဝင်အုပ်စုတစ်ခုက ပြန်ပေးဆွဲခဲ့ကြောင်းနှင့် ဧပြီလအတွင်းကလည်း တာလီဘန်တို့ ထောင်ထားသည့် ပေါက်ကွဲစေသည့်ပစ္စည်းတစ်ခု နန်ဂါဟာပြည်နယ်အရှေ့ပိုင်းရှိ ဆေးဆိုင်တစ်ခုအတွင်း ပေါက်ကွဲခဲ့ခြင်းကြောင့် ဆရာဝန်တစ်ဦးအပါအဝင် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်က ဆိုသည်။



မေလအတွင်းကလည်း အာဖဂန်နစ္စတန်လေတပ်ဖွဲ့မှ လေယာဉ်တစ်စင်းက ကန်ဒုဇ်ပြည်နယ်မြောက်ပိုင်းရှိ ကျန်းမာရေးဆေးခန်းတစ်ခုပြင်ပရှိ တာလီဘန်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ခြင်းကြောင့် ကျန်းမာရေးဆေးခန်းအဆောက်အအုံပျက်စီးခဲ့ကာ ကျန်းမာရေးဝန်ထမ်းနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုလျင်မြန်စွာ မြင့်တက်နေမှုနှင့် စပ်လျဉ်း၍လည်း အားနည်းချက်ရှိနေသည့် ကျန်းမာရေးစနစ်ကို တိုးတက်မှုရှိရေးလုပ်ဆောင်နေရသည့် စိန်ခေါ်မှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်သူများ နေအိမ်အတွင်း နေထိုင်စဉ် ဂျပန်နိုင်ငံ၌ ရေဒီယိုအသံလွှင့်လုပ်ငန်း ပြန်လည်အသက်ဝင်လာ

**တိုကျို ဇွန် ၂၂**

ကိုရိုနာဗိုင်းရပ်စ်ပိုးအသစ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ လူ့ပ်ရှားလုပ်ဆောင်မှုများအားလုံးနှင့် ပတ်သက်၍ သက်ရောက်မှုများရှိသကဲ့သို့ လူတို့၏ ဖျော်ဖြေရေး ပုံသဏ္ဌာန်ခံစားမှုကို ပြန်လည်ပုံသွင်းပေးခဲ့သည်။

ဂျပန်နိုင်ငံတွင် ဖျော်ဖြေရေးပုံသဏ္ဌာန် အသစ်တစ်ဖန် ပုံသွင်းဖန်တီးမှုများအနက် တစ်ခုဖြစ်သည့် ရေဒီယိုအသံလွှင့်ခြင်းသည် ပြန်လည်သက်ဝင်အားကောင်းလာခဲ့သည်။ တစ်ချိန်က လူကြိုက်များသည့် ဖျော်ဖြေရေးလုပ်ငန်းတစ်ခုဖြစ်သော ရေဒီယိုအသံလွှင့်ခြင်းများအား နားဆင်သူဦးရေ အလွန်အမင်းကျဆင်းသွားရာမှ ယခုအခါ အလွယ်တကူနားဆင်နိုင်မှုကြောင့် လူငယ်လူရွယ်များအကြားတွင် ပြန်လည်သက်ဝင်လာခဲ့ပြီဖြစ်သည်။

ပြည်သူများအနေဖြင့် အလုပ်ခွင်နှင့် စာသင်ကျောင်းများမှဝေးကွာကာ နေအိမ်အတွင်း နေထိုင်ရသည့်အချိန်များ ပိုမိုများပြားလာခဲ့ခြင်းကြောင့် ရေဒီယိုနားထောင်သည့်ပရိသတ် ပိုမိုတိုးမြင့်လာခဲ့သည်။ ရေဒီယိုနားထောင်ခြင်းသည် ကျောင်းနေအရွယ်ကလေးများအတွက် ဦးနှောက်ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများနိုင်သည်ဟု ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။

ရာဒီကိုအမည်ရှိ ရေဒီယိုအသံလွှင့်လုပ်ငန်းမှ အင်တာနက်ရေဒီယို လစဉ်ကြေး စုစည်းကောက်ခံသူတစ်ဦး၏အဆိုအရ အသင်းဝင်ကြေးတစ်လလျှင် ၃၈၅ ယန်း ကောက်ခံသည့် ရေဒီယိုအသံလွှင့်လုပ်ငန်းတွင် ယခုနှစ် ဧပြီလတွင် ရေဒီယိုနားဆင်သူဦးရေပမာဏသည် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း တိုးမြင့်လာပြီး နားဆင်သူပရိသတ် ၉ ဒသမ ၁ သန်းရှိကြောင်း ပြောကြားခဲ့သည်။

ရေဒီယိုအသံလွှင့်အစီအစဉ်များ ထုတ်လွှင့်သည့် နေ့ပိုင်းအချိန်များဖြစ်သည့် နံနက် ၉ နာရီမှ ညနေ ၆ နာရီ အကြားတွင် ရေဒီယိုနားဆင်သည့် ပရိသတ် ၄၀ ရာခိုင်နှုန်း တိုးတက်ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။

ရေဒီယိုနားထောင်သူအများစုသည် နေအိမ်များအတွင်း အလုပ်လုပ်ကိုင်သူများဖြစ်ပြီး ၎င်းတို့၏ ကိုယ်ပိုင်ကွန်ပျူတာများမှ တေးသီချင်းများကို နားဆင်သူများဖြစ်ကြောင်း ယူဆသော်လည်း ရာဒီကို ကုမ္ပဏီဥက္ကဋ္ဌ ဆီကိုအင်မိုတိုကမူ နားဆင်သူပရိသတ်များသည် အခြားသတင်းအချက်များကိုလည်း ဆာလောင်နေကြကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတွင် ရေဒီယိုနားဆင်မှု ရေပန်းစားနေခြင်းမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါပြန့်ပွားနေစဉ်အတွင်း လူအများစုမှာ အိမ်တွင်း၌ပင် အလုပ်အကိုင်များ ဆောင်ရွက်ရခြင်းကြောင့် ယာယီမျှသာဖြစ်ကြောင်း လူအချို့က ပြောကြားသည်။ အိုဆာကာရှိ မိုင်အီနီချီ အသံလွှင့်ဌာနမှ ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လုပ်မှု အတွေ့အကြုံရှိသည့် ဒိုရှီမာ အမျိုးသမီး အနုပညာကောလိပ်မှ ပါမောက္ခ တာကာဟီကို ကာဂေးယာမာကမူ ရေဒီယိုနားထောင်မှု အစပျိုးခြင်းက နေအိမ်တွင်း နေရမှုကြောင့် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း နေ့စဉ်ဘဝပုံမှန် ပြန်ဖြစ်လာလျှင်လည်း နားထောင်မှုကျဆင်းလာမည်မဟုတ်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။



ကိုးကား – ကျိုဒို၊ ဘာသာပြန် – ဇော်ဝင်း

# လူအစုလိုက်အပြုံလိုက် ကူးစက်မည့်အခြေအနေကို ထိန်းချုပ်နိုင်ပါက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကိုလျှော့ချနိုင်မည်ဟု နီပေါကျန်းမာရေးတာဝန်ရှိသူများ ပြောကြား



**ခတ္တမန္ဒူ ဇွန် ၂၂**

နီပေါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်ခဲ့ရာ ရောဂါဖြစ်ပွားသူ ၉၅၆၁ ဦး ရှိလာခဲ့ပြီး သေဆုံးသူ၂၃ ဦး ရှိခဲ့သည်။

နီပေါနိုင်ငံမှ ကျန်းမာရေးကျွမ်းကျင်သူများက ပြောကြားရာတွင် နိုင်ငံအတွင်း လူအစုလိုက်အပြုံလိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မည့်အလားအလာများကို ထိန်းချုပ်နိုင်ပါက ရောဂါပြန့်ပွားမှုများကို တားဆီးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ယခုအချိန်တွင် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် အစုလိုက်အပြုံလိုက် ကူးစက်မှုများမရှိသေးဘဲ ရောဂါတွေ့ရှိသူများမှာ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း ကူးစက်ရောဂါနှင့် ရောဂါပိုးမွှားဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဘာစူးဒက်ပန်ဒီက ပြောကြားသည်။

နိုင်ငံရပ်ခြားမှ ရောက်ရှိလာသူများ၏ ၉၅ ရာခိုင်နှုန်းတွင် ရောဂါကူးစက်ခံရကြောင်း တွေ့ရှိရပြီး ကူးစက်ခံရသူများ၏ ၉၈ ရာခိုင်နှုန်းတွင် ရောဂါလက္ခဏာမတွေ့ရှိကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း လူအစုလိုက်အပြုံလိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသော အရိပ်အယောင်မတွေ့ရကြောင်း၊ ရောဂါကူးစက်မှုများ နိုင်ငံအတွင်း အရှိန်ရသွားပါက ရောဂါကူးစက်ခံရသူ များပြားလာမည်ဖြစ်ကြောင်း စူရာရတ် ကူးစက်ရောဂါဆေးရုံမှ တာဝန်ရှိသူ ဒေါက်တာရှားဘဟာဒူးပန်က ပြောကြားသည်။

နိုင်ငံသားများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်များပြားမည်ဟု မျှော်လင့်ခဲ့ကြသော်လည်း အခြားနိုင်ငံများနှင့်စာလျှင် သေဆုံးသူဦးရေနည်းပါးကြောင်း ကျန်းမာရေးကျွမ်းကျင်သူ ဆမာဒီဆတ်က ပြောကြားသည်။ ရောဂါစစ်ဆေးမှုများကို ကန့်သတ်ထားပြီး အိန္ဒိယမှ လာရောက်သူ များပြားလာပါက ရောဂါတွေ့ရှိသူအရေအတွက်များပြားလာမည်ဟု ဒေါက်တာဗဟာဒူးက ပြောကြားသည်။

နီပေါတွင် အသွားအလာကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီး စီးပွားရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ကျန်းမာရေးတာဝန်ရှိသူများက လက်ဆေးရန်၊ နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် ခပ်ခွာခွာနေထိုင်ရေး အစီအစဉ်များကို လိုက်နာရန် နိုင်ငံသားများအား ညွှန်ကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဖြေလျှော့ပေးရန် ဂျပန်နိုင်ငံအား ဥရောပစီးပွားရေးလုပ်ငန်းရှင်များ တောင်းဆို

**တိုကျို ဇွန် ၂၂**

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ဥရောပနှင့်ဆက်နွယ်မှုရှိသည့် ခရီးသွားလာခွင့်ဆိုင်ရာပိတ်ပင်မှုများကို တတ်နိုင်သမျှ မြန်မြန်ဖြေလျှော့ပေးရန် ဂျပန်နိုင်ငံ၌ လုပ်ငန်းလည်ပတ်လျက်ရှိသည့် ဥရောပကုမ္ပဏီများအုပ်စုတစ်ခုက တောင်းဆိုခဲ့သည်။

ဂျပန်နိုင်ငံရှိ ဥရောပစီးပွားရေးကောင်စီဥက္ကဋ္ဌ မိုက်ကယ်မရော့ဇက်က ဇွန် ၂၂ ရက်တွင် တိုကျိုမြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အထက်ပါအတိုင်း တောင်းဆိုခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေစဉ်ကာလအတွင်း ဂျပန်နိုင်ငံနှင့် ဥရောပအကြား ချမှတ်ထားသည့် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကြောင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအပေါ် အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်မိကြောင်းလည်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ဥရောပနိုင်ငံများကမူ ကျန်းမာရေးနှင့် စိုက်ပျိုးရေးနယ်ပယ်များ၌ ယာယီနေထိုင်ရေး သို့မဟုတ် အလုပ်လုပ်ကိုင်ရေးဆိုင်ရာ ခွင့်ပြုချက်ရရှိသည့် ပြည်ပနိုင်ငံသားများကို အထူးခြွင်းချက်အဖြစ် လက်ခံလျက်ရှိကြောင်းလည်း သိရသည်။ ထို့ပြင် ဥရောပနိုင်ငံများသည် ဥရောပနိုင်ငံများမှမဟုတ်သည့် ခရီးသွားများဝင်ရောက်ခွင့်ကို ဇူလိုင် ၁ ရက်မှစတင်ကာ ခွင့်ပြုပေးရန်လည်း မျှော်လင့်လျက်ရှိသည်။ သို့ရာတွင် ဂျပန်နိုင်ငံကမူ အပြန်အလှန်ခရီးသွားလာမှုပြန်လည်စတင်ရန် ဗီယက်နမ်ပြည်သူများကိုသာ အခြေအနေပေါ်မူတည်၍ ခွင့်ပြုသွားရန် လက်ရှိအချိန်တွင် သဘောတူညီထားခြင်းဖြစ်သည်။

ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–အလင်းသစ်

# သီရိလင်္ကာ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၅၀၀ ကျော်ရှိ

**ကိုလံဘို ဇွန် ၂၂**

သီရိလင်္ကာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားပြီးနောက် ပြန်လည်ကျန်းမာလာသူ ၁၅၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ဝန်ကြီးဌာနမှ ပြောကြားချက်အရ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၉၅၀ ရှိပြီး ရောဂါဖြစ်ပွားရာမှ ပြန်လည်ကျန်းမာလာသူ ၁၅၂၆ ဦးရှိကြောင်းနှင့် သေဆုံးသူ ၁၁ ဦးရှိ ကြောင်း သိရသည်။

ခပ်ခွာခွာနေထိုင်ခြင်း၊ လက်ဆေးခြင်းနှင့် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသဖြင့် ဧပြီ ၃၀ ရက်မှစတင်ပြီး လူအစုလိုက် အပြုံလိုက် ရောဂါကူးစက်ခြင်းများ မရှိတော့ကြောင်း သိရသည်။



ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# အိမ်ထဲမှာနေ..... အသက်ရှည်

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

**သုတေသနလုပ်ငန်းတွေ တိုးချဲ့လုပ်ဆောင်နေကြပါတယ်။ လူထုရဲ့ ကိုယ်ခံစွမ်းအား၊ ခံနိုင်ရည်စွမ်းအားတွေရပြီး ရောဂါဖြစ်နှုန်းကျသွားမလားဆိုတာ စောင့်ကြည့်ရပါတယ်။ ကာကွယ်ဆေးတွေ အောင်အောင်မြင်မြင် ထုတ်လုပ် သုံးစွဲနိုင်တဲ့နေ့အထိ စောင့်ကြည့်ရပါမယ်။ ဒါကြောင့် စတေးဟုမ်းကာလကို ဘယ်လိုပဲ တိုးမြှင့်လိုက်သည်ဖြစ်စေ ပြည်သူ လူထုအတွက်၊ မိမိအတွက် ထည့်တွေးပြီး စိတ်ရှည်ကြရပါမယ်။**

ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်–၁၉ ဝင်ရောက်ခဲ့တာ ခြောက်လရှိခဲ့ပြီ။ မြန်မာနိုင်ငံကို ရောက်တဲ့ကာလ သုံးလအတွင်းမှာ ‘စတေးဟုမ်း’ ကာလတွေကို စိတ်ရှည်လက်ရှည် ဖြတ်သန်းခဲ့ကြပြီ။ တစ်ကမ္ဘာလုံးမှာ ဆူညံနေတဲ့ ကိုဗစ်အသံတွေ၊ ဆူပူအုံကြွမှုတွေနဲ့ ဟိုဘက်ကိုနားစွင့်ကြည့်လိုက်၊ ဒီဘက်ကို စောင်းငဲ့ကြည့်လိုက်နဲ့ပဲ မိမိကိုယ်တိုင်လည်း အသက်ရှင်ကျန်ရစ်ခဲ့ဖို့အရေး ခံစစ်တွေ၊ တိုက်စစ်တွေနဲ့ ရင်ဆိုင်ဖြတ်ကျော်ခဲ့ပြီးပြီ။

အနည်းဆုံးရက်ပေါင်း ၂၈ ရက်ဆက်တိုက် ပိုးတွေ့လူနာလုံးဝမတွေ့ရပါမှ ဒီနိုင်ငံမှာ ရောဂါပိုးကင်းစင်ပြီလို့ ကြေညာနိုင်မယ်။ အဲဒီအချိန်မှသာ ကျန်းမာရေးအတွက် ခြေချုပ်ကာလတွေ၊ စတေးဟုမ်းကာလတွေကို ဖြေလျှော့နိုင်ကြမယ်ဆိုတော့လည်း ညတိုင်း၊ မနက်တိုင်း နေ့များရက်ဆက် ပိုးမတွေ့ပါစေနဲ့လို့သာ ဆုတောင်းနေကြရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ရဲ့ ရောဂါပျိုးချိန်ဖြစ်တဲ့ ဗိုင်းရပ်စ်စတင်ထိတွေ့သည်မှ ရောဂါလက္ခဏာပြတဲ့ အချိန်ကြားကာလက ပျမ်းမျှအားဖြင့် ခြောက်ရက်ကနေ ၁၄ ရက်အထိ ကြာမြင့်ပါတယ်။ အဲဒီကာလက ရောဂါပြန့်ပွားဖို့ အလားအလာရှိတဲ့ ကာလဖြစ်တယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကြေညာချက်မှာ ရောဂါပိုးစွန့်ထုတ်ကာလ ရောဂါလက္ခဏာမပြမီ နှစ်ရက်မှစပြီး လက္ခဏာပြပြီး ၂၈ ရက်အထိ အဲဒီကာလအတွင်းမှာ အခြားသောသူတွေကို ကူးစက်နိုင်ကြောင်း ထုတ်ပြန်ထားပါတယ်။ ဒါကြောင့်လည်း ရောဂါပိုးတွေ့တဲ့သူတိုင်းကို ၂၁ ရက် ကွာရန်တင်းထားပြီး ရောဂါပိုးမရှိတော့ဘူးဆိုမှ အိမ်မှာ ခုနစ်ရက် စုစုပေါင်း ၂၈ ရက် ကွာရန်တင်း ဝင်ကြရပါတယ်။

### နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီကြ

ကူးစက်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ကာကွယ်တဲ့နေရာမှာ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီကြပါဘူး။ ဒါပေမဲ့ ရောဂါပိုးကူးစက်ပျံ့နှံ့ပုံ ကွင်းကြီးခြောက်ကွင်းနဲ့ ဆက်စပ်သုံးသပ်ကုသပုံတွေကတော့ တူညီကြပါတယ်။ အဲဒီကွင်းကြီး ခြောက်ကွင်းမှာ ပထမကွင်းက ရောဂါဖြစ်ပွားစေတဲ့အကောင် ‘ရောဂါပိုး’ ဖြစ်ပါတယ်။ ဒုတိယကွင်းက ‘လက်ခံကောင်’ ဆိုတဲ့ ရောဂါပိုးရှိသူ၊ ရောဂါပိုးသယ်ဆောင်သူ ဖြစ်ပါတယ်။ တတိယကွင်းကတော့ ရောဂါပိုးရှိသူရဲ့ ခန္ဓာကိုယ်က ထွက်ရှိတဲ့ အရည်၊ အမှုန်အမွှားတွေ ဖြစ်ပါတယ်။ ချောင်းဆိုးရာမှ၊ နှာချေရာမှ တစ်ဆင့် လက်ခံကောင်ထံမှ ထွက်တဲ့လမ်းကြောင်း ဖြစ်ပါတယ်။ စတုတ္ထကွင်းကတော့ ရောဂါပိုးပျံ့နှံ့ခြင်း ဖြစ်ပါတယ်။ ရောဂါပိုးရှိသူမှ ချောင်းဆိုးခြင်း၊ နှာချေခြင်းကြောင့် ထွက်လာတဲ့ အမှုန်အမွှားတွေကတစ်ဆင့် ပျံ့နှံ့ခြင်းဖြစ်ပါတယ်။ ပဉ္စမကွင်းကတော့ ရောဂါဝင်ပုံဝင်နည်းပါ။ ဘယ်လိုနည်းနဲ့ ကူးစက်သလဲ။ ရှူရှိုက်ရာမှလည်းကောင်း၊ လက်မှတစ်ဆင့် ထိတွေ့ရာမှလည်းကောင်း ဝင်ရောက်ခြင်းဖြစ်ပါတယ်။ ဆဋ္ဌမကွင်းကတော့ ဖြစ်နိုင်ခြေရှိတဲ့ အုပ်စုတွေဖြစ်ပါတယ်။ ဘယ်လိုလူမျိုးတွေ ရောဂါ ဖြစ်နိုင်ပါသလဲ။ ဥပမာ ကိုယ်ခံအားကျဆင်းတဲ့သူတွေ၊ မူလက ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်စတဲ့ ရောဂါရှိသူတွေ၊ အသက်ကြီးသူတွေ၊ ပိုးရှိလူနာတွေနဲ့ ထိတွေ့ဆက်စပ်သူတွေပဲ ဖြစ်ပါတယ်။

အဲဒီကွင်းကြီး ခြောက်ကွင်းထဲက အရေးကြီးတဲ့ ကွင်းသုံးကွင်းဖြစ်တဲ့ ဒုတိယ၊ စတုတ္ထနဲ့ ဆဋ္ဌမ ကွင်းတွေကို ကောင်းစွာထိန်းနိုင်ပြီဆိုရင် စိတ်ချရပြီဖြစ်ပါတယ်။ ဒုတိယကွင်းဖြစ်တဲ့ ပိုးရှိသူ၊ ပိုးသယ်ဆောင်ထားသူ ‘လက်ခံကောင်’ ကွင်းကို ဖြတ်တဲ့နည်းက ပိုးတွေ့လူနာကို ရှာဖွေခြင်း၊ ဆေးရုံပို့ခြင်း၊ ကုသပေးခြင်းတို့ဖြစ်ပါတယ်။

စတုတ္ထကွင်းကို ဖြတ်ဖို့အတွက် ပိုးရှိသူရဲ့ ခန္ဓာကိုယ်က ထွက်တဲ့အရည်တွေ၊ နှာစေး၊ ချောင်းဆိုးရာက ထွက်တဲ့ နှပ်ရည်တွေ၊ နှာရည်တွေ၊ ရောဂါပိုးရှိသူရဲ့ လက်နဲ့ထိတွေ့မိရာက ထပ်ဆင့် ကူးစက်ပျံ့နှံ့တာတွေကို တားဆီးရမှာဖြစ်ပါတယ်။ ဒါကြောင့် မကြာခဏ လက်ဆေးခြင်း၊ နှာခေါင်းစည်းဝတ်ခြင်း၊ ခပ်ခွာခွာ နေထိုင်ခြင်းတွေကို ပြုလုပ်ရခြင်းဖြစ်ပါတယ်။

အရေးကြီးတဲ့ နောက်ဆုံးကွင်းကတော့ ဆဋ္ဌမကွင်းပါ။ အဲဒီကွင်းကို ဖြတ်တောက်ဖို့ဆိုရင် ကိုယ်ခံအားနည်းသူတွေ၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ အခံရှိသူတွေ၊ အသက်ကြီးတဲ့သူတွေ၊ ပိုးရှိလူနာရဲ့ အိမ်သားတွေ၊ ထိတွေ့ဆက်စပ်မှုရှိသူတွေကို 'စတေးဟုမ်း' နေခိုင်းခြင်းအားဖြင့် ရောဂါပိုးပျံ့နှံ့မှုကို တားဆီးဖြတ်တောက်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အဲဒီကွင်းတွေကို စနစ်တကျ ဖြတ်တောက်နိုင်ခဲ့လို့ ယနေ့ကမ္ဘာမှာ ကိုဗစ်–၁၉ ဖြစ်ပွားတဲ့ နိုင်ငံပေါင်း ၂၁၅ နိုင်ငံရှိတဲ့အနက်မှာ ဖြစ်ပွားမှု အနည်း၊ အများ စာရင်းဇယားရဲ့ အောက်ဆုံးနေရာလောက်မှာ ရှိနေခဲ့ပါတယ်။ ရောဂါပိုးတွေ့ရှိပြီး အဆိုးရွားဆုံးနိုင်ငံ အစဉ်လိုက်ကြည့်တဲ့အခါ လက်ရှိအချိန်မှာ (၁) အမေရိကန်၊ (၂) ဘရာဇီး၊ (၃) ရုရှား၊ (၄) အိန္ဒိယ၊ (၅) ဗြိတိန်နဲ့ ပြီးရင် စပိန်၊ ပီရူး၊ ချီလီ၊ အီတလီ၊ အီရန်၊ ဂျာမနီ၊ တာကီ၊ ပါကစ္စတန်၊ မက္ကဆီကို၊ ပြင်သစ်၊ ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ တောင်အာဖရိကစသဖြင့်ရှိနေပြီး မြန်မာနိုင်ငံကတော့ အမှတ်စဉ် (၁၅၉) မှာ ရှိနေပါတယ်။

အဲဒီလို ဇယားရဲ့အောက်ဆုံးမှာနေရာယူနေရတာက စတေးဟုမ်းကာလရဲ့အကျိုးကျေးဇူးကြောင့်ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမလှိုင်း လူနာစတွေ့တယ်ဆိုကတည်းက နိုင်ငံတော်နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အစီအမံတွေကောင်းခဲ့တယ်။ လက်ဆေးဖို့၊ နှာခေါင်းစည်းဝတ်ဖို့၊ အိမ်ထဲမှာနေဖို့၊ လူစုလူဝေးမလုပ်ဖို့ စသဖြင့် ပြည်တွင်းကူးစက်မှုမရှိအောင် ထိန်းထားနိုင်ခဲ့တယ်။ ဒုတိယလှိုင်းကတော့ ပြည်တော်ပြန်တွေပြန်လာတယ်။ ပိုးတွေ့လူနာတွေ ပါလာတယ်။ သူတို့ကို ကွာရန်တင်းထားပြီး ထိန်းချုပ်တယ်။ နိုင်ငံတော်အနေနဲ့ ပြည်ပပြန်တွေ၊ လွှဲပြောင်းလုပ်သားတွေကို စနစ်တကျလက်ခံစစ်ဆေးပြီး ထိန်းချုပ်နေတယ်။

တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာတဲ့ အန္တရာယ်ကိုလည်း ဝိုင်းဝန်းကာကွယ် တားဆီးနေကြပါတယ်။ အဲဒီလို တိတ်တဆိတ် ခိုးဝင်လာသူတွေက ကွာရန်တင်းမဝင်ကြတော့ အန္တရာယ်ကြီးလှပါတယ်။ ခိုးဝင်သူတွေကို လက်သင့်ခံ၊ ဖုံးကွယ်မထားကြဖို့ နိုင်ငံတော်က အထူးဂရုပြုဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဒုတိယလှိုင်းနဲ့ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်က ဒုတိယလှိုင်းဟာ ပိုခက်ခဲနိုင်မယ်၊ အကောင်းဆုံးကိုမျှော်လင့်ပြီး အဆိုးဆုံးအတွက် အသင့်ပြင်ဆင်ထားဖို့ နှိုးဆော်တာဖြစ်ပါတယ်။

### အိမ်မှာနေကြတာက ပိုပြီးလုံခြုံစေ

ဒီကာလမှာ စက်ရုံ၊ အလုပ်ရုံတွေဖွင့်တယ်။ ဈေးတွေ၊ ရှော့ပင်းမောတွေ၊ ရုံးတွေဖွင့်တယ်ဆိုတော့ တတိယလှိုင်းအတွက် စိုးရိမ်လာရပါတော့မယ်။ ခိုးဝင်လာကြသူတွေက ကွာရန်တင်းမဝင်ကြဘဲ မြို့ထဲ၊ ရွာထဲ လျှောက်သွားကြမယ်၊ သူတို့မှာ ရောဂါပါလာခဲ့ရင် ရောဂါပြန့်ပြီးသားဖြစ်မယ်။ အဲဒီအခါ ကူးစက်ပျံ့နှံ့သူတွေကို လိုက်ရှာဖို့က “ငှက်ခြေရာ လေမှာ ရှာရသလို” ခက်ရပါတော့မယ်။ ကွင်းခြောက်ကွင်းထဲက ဆဋ္ဌမကွင်းကိုဖြတ်ရမယ်ဆိုတဲ့ကဏ္ဍနဲ့ သက်ဆိုင်သွားပါပြီ။ ဒါကြောင့် စတေးဟုမ်းနေတာက စိတ်ချရတယ်။ အိမ်မှာနေကြတာက ပိုပြီးလုံခြုံစေပါတယ်။

ဒါပေမဲ့ စတေးဟုမ်းကာလက သုံးလအထိ ကြာလာတော့ ပြည်သူတွေဘက်က သံပတ်လျော့လာပြီ။ စိတ်မရှည်သလိုလိုဖြစ်လာပြီ။ နည်းနည်းထုံလာကြပြီ။ တစ်ပတ်ကနေ တစ်လ၊ တစ်လကနေ နှစ်လဆိုတော့ အသံနည်းနည်း ထွက်လာပြီး နှစ်လကနေ သုံးလဆိုတော့ စိတ်က ထိန်းမရတော့ဘူး။ အပြင်ထွက်ကို ထွက်မှဖြစ်တော့မယ်ပေါ့။ အကြောင်းရှိသူကလည်း အလုပ်အကြောင်းပြပြီး ထွက်ချင်တယ်။ အကြောင်းမရှိတဲ့သူကလည်း အကြောင်းမရှိ အကြောင်းရှာ ထွက်တယ်၊ စိတ်ကထွက်ပေါက်ပိတ်နေတာ မခံနိုင်တော့ဘူး။

### သတိပြုလိုက်နာကြရ

အရင်က တစ်နေရာရာခိုင်းရင် ဆင်ခြေအမျိုးမျိုးနဲ့ ဖင်လှည့်ခေါင်းလှည့်နေခဲ့သူတွေက အခုအချိန်မှာတော့ သိပ်ကို ဖင်ပေါ့လှတယ်။ လှစ်ခနဲဆို အပြင်ကိုရောက်သွားပြီ၊ လှစ်ခနဲဆို ဈေးရောက်သွားပြီ။ စားဝတ်နေရေးမှာ စားရေးက အဓိက၊ စားမှ အသက်ရှင်မယ်၊ စားဖို့ဟင်းချက်စရာတွေ ဝယ်ရမယ်၊ ဝယ်ဖို့ ငွေလိုတယ်၊ ဒီတော့ အလုပ်ထွက်လုပ်မှရမယ်၊ အပြင်ထွက်တာက ဟုတ်ပြီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်တဲ့စည်းကမ်းတွေကို တိတိကျကျလိုက်နာရဲ့လား၊ နှာခေါင်းစည်းကို စနစ်တကျဝတ်ရဲ့လား၊ လိုအပ်ရင် လက်အိတ်စွပ်၊ မျက်မှန်တပ်၊ အိမ်ပြန်ရောက်တာနဲ့ ဆံပင်ကအစ ဖိနပ်အဆုံး သေသေချာချာ ဆေးကြောသန့်စင်ရဲ့လားစသဖြင့် သတိပြုလိုက်နာကြရပါမယ်။

နိုင်ငံတော်အနေနဲ့ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ဖို့ လိုအပ်ချက်အရ မူလက ထုတ်ပြန်ထားခဲ့တဲ့ ညွှန်ကြားချက်နေ့စွဲမှသည် ရက်ထပ်မံတိုးမြှင့်ရတယ်ဆိုတဲ့နေရာမှာ ဒါတွေကို အများကြီးကြိုတင်မြော်မြင်ပြီး ဖြစ်နိုင်ခြေတွေ၊ ကာကွယ်တားဆီးရေးတွေ စသဖြင့် ထောက်ထားတွက်ချက်ပြီးမှ ကြေညာရပါတယ်။ ဗိုင်းရပ်စ်အပေါ်မှာ လူတိုင်းအတွက် စိတ်ချရပြီဆိုတဲ့ အချိန်ကို စောင့်ရပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်ဟာ ဗိုင်းရပ်စ်အသစ်ကို ခံနိုင်ရည်ရှိတဲ့ ကိုယ်ခံအားစနစ် ပြည့်ဝလာချိန်မှာ နောက်ထပ် ဗိုင်းရပ်စ်ပြန်ပေါ်လာတာကို တားဆီးနိုင်တဲ့ အချိန်ရောက်မှ စိတ်ချရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ဆိုတာ ကလည်း ရောဂါရှိတဲ့သူတွေ ပြန်လည်ကောင်းမွန်သွားချိန်နဲ့ ကာကွယ်ဆေးတွေထိုးပေးနိုင်ပြီဆိုတဲ့ အချိန်ပဲဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ ရောဂါလှိုင်းတွေက မတူညီကြတော့ သတ်မှတ်ချက်တွေ၊ ပေါ်လစီတွေကလည်း မတူညီနိုင်ပါဘူး။ ကူးစက်ရောဂါအသွင် ပျံ့နှံ့နှုန်းမြန်ရင်မြန်သလို ဆိုးဆိုးရွားရွား ရင်ဆိုင်ကြရပါတယ်။

ရောဂါပိုးအသစ်ကို တိုက်တဲ့စစ်ပွဲမှာ လွန်ဆွဲနေတဲ့ ကြိုးသုံးချောင်းရှိပါတယ်။ ရောဂါကို ဆန့်ကျင်တိုက်ခိုက်တဲ့ နည်းလမ်း၊ စီးပွားရေးအကာအကွယ်ပြည့်စုံခြင်းနဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဟန်ချက်ညီမှုဆိုတဲ့ ကြိုးတွေပဲ ဖြစ်ပါတယ်။ စတေးဟုမ်းတွေ၊ ကွာရန်တင်းတွေ၊ လော့ဒေါင်းတွေ၊ ခပ်ခွာခွာနေခြင်းတွေ အားလုံးဟာ ရောဂါမပြန့်ပွားစေဖို့ ဟန့်တားပေးတဲ့ အကြောင်းတရားတွေသာ ဖြစ်ပါတယ်။ ကိုဗစ်ရောဂါကြီးက ဆက်လက်လှေ့လာနေရဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ကြီးက ကြေညာထားပါတယ်။ ရောဂါပိုးရှိပြီး ရောဂါလက္ခဏာမပြတဲ့ ရောဂါပိုးသယ်ဆောင်ထားသူတွေ ပြည်သူတွေကြားမှာ ရောနှောရှိနေမလား၊ ဘယ်လောက်ရှိနေမလဲ မခန့်မှန်းနိုင်ပါဘူး။ ဒီတော့ သုတေသနလုပ်ငန်းတွေ တိုးချဲ့လုပ်ဆောင်နေကြပါတယ်။ လူထုရဲ့ ကိုယ်ခံစွမ်းအား၊ ခံနိုင်ရည်စွမ်းအားတွေရပြီး ရောဂါဖြစ်နှုန်းကျသွားမလားဆိုတာ စောင့်ကြည့်ရပါတယ်။ ကာကွယ်ဆေးတွေ အောင်အောင်မြင်မြင် ထုတ်လုပ်သုံးစွဲနိုင်တဲ့နေ့အထိ စောင့်ကြည့်ရပါမယ်။ ဒါကြောင့် စတေးဟုမ်းကာလကို ဘယ်လိုပဲတိုးမြှင့်လိုက်သည်ဖြစ်စေ ပြည်သူလူထုအတွက်၊ မိမိအတွက် ထည့်တွေးပြီး စိတ်ရှည်ကြရပါမယ်။

ယနေ့ကမ္ဘာမှာ ကိုဗစ်ရောဂါပိုး တွေ့ရှိသူပေါင်း ၉၀၈၀၇၉၅ ဦး၊ သေဆုံးသူ ၄၇၁၃၀၆ ဦး ဖြစ်နေပါတယ်။ အိန္ဒိယမှာဆိုရင် တစ်နေ့တည်းမှာ ပိုးတွေ့သူ တစ်သောင်းကျော်ဖြစ်ပြီး အမြင့်ဆုံးစိုးရိမ်မှတ်ကို ရောက်နေခဲ့ပါပြီ။ အမေရိကန်မှာ၊ အာဖရိကမှာ၊ ဘင်္ဂလားဒေ့ရှ်မှာ စသဖြင့် ပိုးတွေ့လူနာစာရင်းက တရိပ်ရိပ်တက်နေပါတယ်။ ပြည့်စုံချမ်းသာတိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံကြီးတွေတောင် ဆုံးရှုံးမှုတွေနဲ့ အကြီးအကျယ်ရင်ဆိုင်နေကြရပါတယ်။ တစ်ကမ္ဘာလုံး ထိခိုက်နစ်နာကြရတယ်။ အဓိကက လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးကြရတယ်။ တစ်ဖက်ကလည်း ကပ်ရောဂါကာလတစ်လျှောက်လုံး နိုင်ငံရဲ့ယန္တရားတွေ ရပ်ဆိုင်းသွားကြတယ်။ စက်ရုံ၊ အလုပ်ရုံတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ သွင်းကုန်၊ ထုတ်ကုန် ကုန်စည်စီးဆင်းမှုတွေ၊ လေကြောင်းလိုင်းတွေ ရပ်ဆိုင်းထားကြရတယ်။ တက္ကသိုလ်တွေ၊ စာသင်ကျောင်းတွေ ပိတ်ထားရတယ်။

မြန်မာနိုင်ငံအနေနဲ့က ပြည်တွင်းသယံဇာတတွေ၊ စားသောက်ကုန်တွေ၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ အသား၊ ငါး၊ သစ်သီးဝလံတွေ ပေါကြွယ်ဝတယ်။ ဒီကာလလောက်နဲ့တော့ အငတ်ဘေးနဲ့ ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ မရှိဘူး။ အလှူရှင်တွေကလည်း မျှဝေပေးကြတယ်။ ကျေးလက်တောရွာတွေမှာဆိုရင် လယ်ထဲယာထဲ၊ ချောင်းထဲ၊ မြောင်းထဲကရတဲ့ အသား၊ ငါး၊ သစ်သီးသစ်ရွက်တွေနဲ့ အလျဉ်မီမီ စားသောက်နိုင်ကြတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာလူဖြစ်ရတာ အင်မတန်ကုသိုလ်ကောင်းလှပါတယ်။

### ပြောင်းလဲတတ်ကြ

ဒါပေမဲ့ အိမ်ထဲမှာ နေရတာကြာလာတဲ့အခါ၊ ပြင်ပလောကကို လွတ်လပ်စွာ သွားလာခွင့်မရတဲ့အခါ၊ စိတ်သွားတိုင်း ကိုယ်မပါရတဲ့အခါ လူတိုင်းဟာ စိတ်ဆတ်နေတတ်ကြတယ်။ စိတ်ထွက်ပေါက် ပိတ်နေတဲ့အခါ အားနည်းသူကို အနိုင်ယူတတ်တာ၊ အိမ်တွင်းအကြမ်းဖက်မှုတွေများလာတတ်တာဆိုတဲ့ အချက်အလက်တွေကိုတော့ သတိပြုကြရပါတယ်။ စိတ်ဆိုတာလည်း အသက်အရွယ်၊ အခြေအနေ၊ အချိန်အခါနဲ့ ပတ်ဝန်းကျင်အပေါ်မှာမူတည်ပြီး ပြောင်းလဲတတ်ကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မိမိအသက်ရှင်သန်ကျန်ရစ်ဖို့အတွက် နောက်ထပ် တစ်နှစ်ဖြစ်ပါစေ၊ နှစ်နှစ်ဖြစ်ပါစေ စိတ်ရှည်သည်းခံစွာနဲ့ ကိုဗစ်ကာလရဲ့ စည်းကမ်းတွေ၊ အမူအကျင့်တွေကို ဆက်လက်ထိန်းသိမ်းရင်း အသက်ရှင်သန်သွားကြရပါမယ်။

ဒါကြောင့်လည်း ‘နယူးနော်မယ်’ ဆိုတဲ့စကားလုံးက ဒီကာလမှာ အဓိပ္ပာယ်ရှိတဲ့ စကားလုံး ဖြစ်လာခဲ့တယ်။ ကိုဗစ်ဆိုတဲ့ ကမ္ဘာ့ကပ်ရောဂါဟာ လူသားတွေရဲ့ အမူအကျင့်ဟောင်းတွေကို ပြောင်းလဲပေးခဲ့တယ်။ ပုံမှန်သွားလာနေထိုင်နိုင်ပါပြီလို့ ကြေညာချက်ထွက်လာသည့်ကာလထိတိုင်အောင် လူအချင်းချင်းဆက်ဆံမှု၊ သွားလာနေထိုင်မှုပုံစံတွေက မူလအတိုင်း ပြန်မဖြစ်နိုင်တော့ပါဘူး။ လူတစ်ဦးနဲ့တစ်ဦး ပူးပူးကပ်ကပ်၊ နီးနီးစပ်စပ်၊ တိုးတိုးဝှေ့ဝှေ့၊ ကြက်ပျံမကျ လူစုလူဝေး၊ တအုံတမကြီးနဲ့ အသင်းအဖွဲ့တွေ အတူတကွ သီဆိုကခုန်၊ တွေ့ဆုံမြူးထူးပျော်ပါးကြဖို့ကို မသိစိတ်က အလိုလိုတွန့်ဆုတ်သွားကြပါတော့မယ်။

စာမျက်နှာ ၁၇ သို့ ❍

# ကိုဗစ် - ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၃၄၁၈ | ၂၉၀ |
| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
| ၂၀၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၇၃၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၈၆ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၃ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ရခိုင် | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | နေပြည်တော် | ၂ | |
| ၁၃ | ကရင် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၂၉၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၂-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၃၅၇၃၂၃ | ၉၈၀၃၆၇ | ၁၂၂၂၅၉ |
| ဘရာဇီး | ၁၀၈၆၉၉၀ | ၅၇၉၂၂၆ | ၅၀၆၅၉ |
| ရုရှား | ၅၉၂၂၈၀ | ၃၄၄၄၁၆ | ၈၂၀၆ |
| အိန္ဒိယ | ၄၂၇၀၄၆ | ၂၃၇၉၂၉ | ၁၃၇၁၇ |
| ဗြိတိန် | ၃၀၄၃၃၁ | စိစစ်ဆဲ | ၄၂၆၃၂ |
| စပိန် | ၂၉၃၃၅၂ | စိစစ်ဆဲ | ၂၈၃၂၃ |
| ပီရူး | ၂၅၄၉၃၆ | ၁၄၁၉၆၇ | ၈၀၄၅ |
| ချီလီ | ၂၄၂၃၅၅ | ၂၀၀၅၆၉ | ၄၄၇၉ |
| အီတလီ | ၂၃၈၄၉၉ | ၁၈၂၈၉၃ | ၃၄၆၃၄ |
| အီရန် | ၂၀၇၅၂၅ | ၁၆၆၄၂၇ | ၉၇၄၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၆၈၄၅ | ၁၈၇၃၅ | ၂၅၀၀ |
| စင်ကာပူ | ၄၂၃၁၃ | ၃၄၉၄၂ | ၂၆ |
| ဖိလစ်ပိုင် | ၃၀၆၈၂ | ၈၁၄၃ | ၁၁၇၇ |
| မလေးရှား | ၈၅၈၇ | ၈၁၇၇ | ၁၂၁ |
| ထိုင်း | ၃၁၅၁ | ၃၀၂၂ | ၅၈ |
| ဗီယက်နမ် | ၃၄၉ | ၃၂၇ | ၀ |
| မြန်မာ | ၂၉၀ | ၂၀၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၉ | ၁၂၇ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# မန္တလေးမြို့ရှိ သဘင်ပညာရှင်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာနှင့် ဆိုင်းပညာရှင်များအား ကိုဗစ်ကာလ ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်လျက်ရှိ



**မန္တလေး ဇွန် ၂၂**

မန္တလေးမြို့ရှိ သဘင်ပညာရှင်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာနှင့် ဆိုင်းပညာရှင်များအား ကိုဗစ်ကာလ ထောက်ပံ့ငွေများကို သက်ဆိုင်ရာမြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းမှစတင်ကာ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**အိမ်တိုင်ရာရောက်**

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကိုဗစ်ကာလ ထောက်ပံ့ငွေအဖြစ် မန္တလေးမြို့ရှိ သဘင်ပညာရှင်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာနှင့် ဆိုင်းပညာရှင်များအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့သည်။

"ကျွန်တော် အသက် (၆၉)နှစ်ရှိပါပြီ။ ဒီလောကမှာ ကျင်လည်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးအပိုင်းက ပုဂ္ဂိုလ်တွေက ထောက်ပံ့ပေးတာ တစ်ခါမှ မရခဲ့ဖူးပါဘူး။ အခုလို လာရောက်ထောက်ပံ့ပေးတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ပန်းချီအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ပန်းချီဆရာကြီး ဦးလှထွန်းက ပြောသည်။

**ပေးအပ်သွားမည်**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သဘင်ပညာရှင် ၅၅၃၀၊ စာရေးဆရာ ၇၅၂ ဦး၊ ပန်းချီဆရာ ၃၇၂ ဦး၊ ကာတွန်းဆရာ ၆၃ ဦးနှင့် ဆိုင်းပညာရှင် ၈၆၃ ဦး စုစုပေါင်း ၇၅၈၀ တို့အား ကိုဗစ်ကာလထောက်ပံ့ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

❍ စာမျက်နှာ ၁၆ မှ

လူအချင်းချင်း ခပ်ခွာခွာနေကြဖို့ဆိုတာ စည်းကမ်းတစ်ခု၊ အလေ့အထတစ်ခုအဖြစ် ရှိနေပါလိမ့်မယ်။ ယခင်က ပြုမူလုပ်ကိုင်နေကျ လူမှုဆက်ဆံရေးဆိုင်ရာ အမူအကျင့်တွေနေရာမှာ အပြုအမူအသစ်၊ နည်းလမ်းအသစ်တွေနဲ့ အလိုလိုအစားထိုးသွားကြမှာက 'နယူးနော်မယ်' အသွင်တွေပဲ ဖြစ်လာပါလိမ့်မယ်။ အပြင်ထွက်တာနဲ့ နှာခေါင်းစည်းဝတ်တာ အလေ့အထတစ်ခု ဖြစ်လာပါလိမ့်မယ်။ လူစုလူဝေးကို ရှောင်ကြဉ်ရတယ်ဆိုတာကို သင်ယူစရာမလိုဘဲ အလိုလိုလက်ခံသွားကြရင်းနဲ့ လူသားတွေရဲ့ 'နယူးနော်မယ်' ပုံမှန်ပုံစံအသစ်က အလိုလို နေရာယူလာကြပါလိမ့်မယ်။ အဲဒီမှာတင် ကျွန်မဦးနှောက်ထဲ အတွေးတစ်ခုက ဖျတ်ခနဲဝင်လာခဲ့တယ်။ အတိတ်ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း ဒဏ္ဍာရီထဲမှာ ဒိသာပါမောက္ခဆရာကြီးက မောင်ပေါက်ကျိုင်းကို အရေးကြီးတဲ့ စကားကြီး သုံးခွန်းကို သင်ပေးလိုက်ပါတယ်။ 'မေးပါများ စကားရ'၊ 'သွားပါများခရီးရောက်'၊ 'မအိပ်မနေ အသက်ရှည်' တဲ့။ အဲဒီစကားကြီး သုံးခွန်းက သက်ကြီးစကား သက်ငယ်ကြားဆိုသလို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ယူဆောင်လာခဲ့ကြတယ်။ လိုက်နာကျင့်ကြံလာခဲ့ကြတဲ့ 'ရှေးထုံး' တစ်ခုဖြစ်ခဲ့တယ်။ အခုကာလမှာတော့ အဲဒီ 'ရှေးထုံး' ကို ပယ်ရပါတော့မယ်။

**ရှေးထုံးစကားကြီး သုံးခွန်း**

'သွားပါများခရီးရောက်' တယ် ဆိုတိုင်းလည်း ယခုကာလမှာ လူစုလူဝေးရှိတဲ့နေရာ၊ နိုင်ငံရပ်ခြားတိုင်းတစ်ပါး၊ နေရာအနှံ့ကို ခြေဆန့်လိုက်ရင်တော့ နောက်ဆုံးနိဂုံး ခရီးအဆုံးမှာ ပြန်လမ်းမှရှိပါ့မလား။ 'မေးပါများစကားရ' ဆိုတိုင်း အခုလက်ရှိ ကာလမှာတော့ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းတွေနဲ့ မလိုအပ်ဘဲ စကားတွေများများ မပြောလေကောင်းလေပါပဲ။ တစ်ယောက်နဲ့တစ်ယောက် ပါးစပ်ထဲက၊ နှာခေါင်းထဲက၊ လေထဲက အမှုန်အမွှားတွေကြောင့် ရောဂါပိုးတွေက မမြင်နိုင်ဘဲ ဝင်လာကြတော့မယ်။ 'မအိပ်မနေ အသက်ရှည်' ဆိုတိုင်း တစ်နေ့လုံး၊ တစ်ညလုံး တစ်ချိန်လုံး မအိပ်မနေ ဖေ့စ်ဘွတ်သုံး၊ အင်တာနက်ကြည့်၊ တီဗွီကြည့်မယ်ဆိုရင်တော့ အအိပ်ပျက်မယ်၊ အစားပျက်မယ်။ အစားပျက်တော့ ကိုယ်ခံအားနည်းမယ်။ ကိုယ်ခံအားနည်းတော့ ရောဂါပိုးတွေဝင်လွယ်မယ်... ဆိုတော့ကာ ဒီကာလမှာဖြင့် ရှေးထုံးစကားကြီး သုံးခွန်းကို မဖြစ်မနေ ပယ်ရပါတော့မယ်။

**စကားလေးတစ်ခွန်း**

ဒါကြောင့်လည်း 'အိမ်ထဲမှာနေ...အသက်ရှည်' ဆိုတဲ့ စကားလေးတစ်ခွန်းကို 'နယူးနော်မယ်' စကားလေးတစ်ခွန်းအဖြစ်နဲ့ မိဘပြည်သူတွေကို ကျွန်မက လက်ဆောင်ပါးလိုက်ချင်ပါတယ်။ မဖြစ်မနေ အလုပ်ကိစ္စကလွဲလို့ အတတ်နိုင်ဆုံး အိမ်ထဲမှာနေထိုင်ကြရင်း အသက်ရှည်ရာအနာမဲ့ရေး ရန်ဘေးကင်းကြောင်းကောင်းမှုမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံနိုင်ကြပါစေလို့သာ ဆုမွန်တောင်းလိုက်ရပါတော့တယ်။ ။

